AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

ဩစတြေးလျားသို့ ခရီးသွားခြင်း

လွယ်ကူစွာ ဖတ်ရှုစရာ

စာရွက်စာတမ်းများ နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ

သင်၏ လေကြောင်းခရီးဆိုင်ရာ စာရွက်စာတမ်းများနှင့် သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံတို့သည် အလွန်အရေးကြီးသည်။

သင် ဩစတြေးလျားတွင် ဘဝသစ်ထူထောင်ရာ၌ သင့်အား အထောက်အကူပြုရန် ၎င်းတို့ကို သင်လိုအပ်သည်။

အရေးကြီးသည်မှာ သင်သည် ၎င်းတို့ကို

- လုံခြုံစွာ သိမ်းဆည်းထားရန်နှင့်

- သင်နှင့်အတူ အမြဲဆောင်ထားရန်ဖြစ်သည်

သင့်အား ပေးအပ်ထားပြီးဖြစ်နိုင်ကောင်းသည်မှာ

- အင်မီ ကတ်ပြား (ImmiCard)

သို့မဟုတ်

- ဩစတြေးလျားသို့ ခရီးသွားလက်မှတ် (DFTTA) တို့ဖြစ်သည်

သင်သည် ၎င်းတို့အနက် တစ်ခုမဟုတ်တစ်ခုကို ဩစတြေးလျားသို့ သွားရန်အတွက် ခရီးသွားလက်မှတ်အဖြစ် အသုံးပြုရလိမ့်မည်ဖြစ်သည်။

သင်သည် ၎င်းတို့ကို လေဆိပ်၌ ပြသရန် လိုအပ်သည် သို့မဟုတ်က သင့်အား ခရီးသွားခွင့်ပြုမည်မဟုတ်ပါ။

သင် ImmiCard ကတ်ပြားကို ရုပ်ပြီးပြီးချင်း အရှေ့ဖက်၌ လက်မှတ်ရေးထိုးရန် လိုအပ်သည်။

10 နှစ်အောက်အရွယ်ကလေးများ ၎င်းတို့၏ ImmiCard ကတ်ပြားကို လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

ဘာ ထုပ်ပိုးရမည်လဲ

လူများ ခရီးထွက်ကြသောအခါ၌ သာမန်အားဖြင့်
ခရီးဆောင်အိတ် ပုံစံ 2 မျိုးကို အသုံးပြုကြသည်။

- လေယာဉ်တွင်း အပ်ရသည့် ခရီးဆောင်အိတ်

- မိမိနှင့်အတူ သယ်ဆောင်အိတ်တို့ဖြစ်ကြသည်

သင် အပ်ရမည့် ခရီးဆောင်အိတ်များ



သင်သည် လေဆိပ်မှ လေယာဉ်ကုမ္ပဏီဝန်ထမ်းအား
သင် အပ်ရမည့် ခရီးဆောင်အိတ်များကို ပေးရသည်။

ငှားရမ်းသူ၏ ခရီးဆောင်အိတ်ဆိုင်ရာ အပိုင်းအခြား၌
ထားသိုသည်။

သင် အပ်လိုက်သည့် ခရီးဆောင်အိတ်အပေါ်၌
တံဆိပ်ကပ်ထားလိမ့်မည်ဖြစ်ပြီး၊ ၎င်းတွင် သင်၏

- အမည်
- သင်သွားမည့်နေရာ၊ သင် ခရီးလမ်းဆုံးအမည်ကို
ဖော်ပြထားမည်ဖြစ်သည်

သင် အပ်လိုက်သော အိတ်တစ်ခုစီအတွက် ပြေစာ သို့မဟုတ် လက်မှတ်တစ်ခုစီကို သင့်အား ထုတ်ပေးပါလိမ့်မည်။

သင် ဩစတြေးလျား၌ ဆိုက်ရောက်သည့်အခါတွင် ၎င်းတို့ကို သင် ပြန်လည်ကောက်ယူရပါလိမ့်မည်။

လေကြောင်းကုမ္ပဏီများသည် သင့် ခရီးဆောင်အိတ်များ၏အလေးချိန် မည်မျှသာရှိရမည်ကို ကန့်သတ်ထားသည်။

ခရီးသည်တစ်ဦးလျှင် လေယာဉ်တွင်း အပ်ရသည့် ခရီးဆောင်အိတ် ဝန်အလေးချိန်၏ ကန့်သတ်ချက်မှာ 20 ကီလိုဂရမ် ဖြစ်သည်။

အကယ်၍သင့်ခရီးဆောင်အိတ်များ၏ အလေးချိန်သည် 20 ကီလိုဂရမ် ထက်ပိုများနေလျှင် လေကြောင်းကုမ္ပဏီက သင့်ထံမှ အပိုကြေးတောင်းခံပါလိမ့်မည်။

သင့်ထံ၌ သင်နှင့်အတူ ယူဆောင်သွားလိုသော ကြီးမားသည့်ပစ္စည်းများ ရှိကောင်းရှိနိုင်မည်။

သင်၏ ကြီးမားသောပစ္စည်းများကို
ယူဆောင်သွားရန်အတွက် သင် ငွေသပ်သပ်ပေးရန်
လိုအပ်ပါလိမ့်မည်။

သင် ယူဆောင်သွားလိုသော ကြီးမားသည့်
ပစ္စည်းများအကြောင်းကို သင် ခရီးထွက်ရန်
ကူညီပေးနေသူနှင့် ဆွေးနွေးပါ။

လေယာဉ်အတွင်း အပ်ရသည့် ခရီးဆောင်အိတ်များကို ထုပ်ပိုးခြင်း

သင် ထုပ်ပိုးသင့်သည်များမှာ၊

- သင် နှင့် သင့်မိသားစုအတွက် အဝတ်အစားများ

- ဖိနပ်များ



- ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ ကိုယ်နှံ့ပျောက်ဆေး
  ကဲ့သို့သော သင်လိုအပ်သည့် တစ်ကိုယ်ရည်သုံး
  အသုံးအဆောင်ပစ္စည်းများ

- သင် မှီဝဲရန် လိုအပ်သော ဆေးဝါးများ

- သင့်အတွက် အရေးကြီးသည့် မှတ်ပုံများ၊ စာများ နှင့် စာအုပ်များကဲ့သို့သောအရာများတို့ဖြစ်သည်

ကိုယ်နှင့်အတူ တစ်ပါတည်း သယ်ဆောင်သော ခရီးဆောင်အိတ်များ

သင် လေယာဉ်ပေါ်သို့ သင်နှင့်အတူ အိတ်ငယ် 1 အိတ်ကို ယူသွားနိုင်သည်။

ငင်းအား

- မိမိနှင့်အတူ သယ်ဆောင်အိတ် သို့မဟုတ်
- လက်ဆွဲအိတ်ဟုခေါ်သည်

သင်နှင့်အတူ သယ်ဆောင်သောအိတ်၌ မည်သည့်အရာများကို ထည့်နိုင်ခြင်းနှင့်ပတ်သက်သော စည်းကမ်းများအား သင် သိရန်လိုအပ်သည်။

သင်နှင့်အတူ သယ်ဆောင်အိတ်ကို ထုပ်ပိုးခြင်း



သင် ထုပ်ပိုးသင့်သည်တို့မှာ၊

- အရေးကြီးသော စာရွက်စာတမ်းများ

- ခရီးသွား စာရွက်စာတမ်းများ



- လက်ဝတ်ရတနာများကဲ့သို့သော အဖိုးတန်ပစ္စည်းများ

- သင် လေယာဉ်ပေါ်၌ရှိနိုက် သင်လိုအပ်သည့် တစ်ကိုယ်ရည်သုံး အသုံးအဆောင်ပစ္စည်းများ

- သင် ခရီးသွားနေစဉ် သင် ဖတ်လိုသော စာအုပ် သို့မဟုတ် သတင်းစာကဲ့သို့သော ဖတ်ရှုစရာများ

- သင်၏ ဖုန်း

- နွေးနွေးထွေးထွေးရှိရန် ဝတ်နိုင်မည့် အပေါ်အင်္ကျီ သို့မဟုတ် ဝတ်စုံအပိုတို့ဖြစ်သည်

မည်သည့်အရာများကို မထုပ်ပိုးရမလဲ

ဩစတြေးလျားတွင် နိုင်ငံအတွင်းသို့ သင် ယူမလာနိုင်သော အောက်ပါအရာများနှင့်ပတ်သက်ပြီး တင်းကျပ်သည့် ဥပဒေများရှိသည်။

- အပင်များ

- ပန်းများ

- မြေဆွေး

- အစေ့များ



- သစ်စေ့များ

- မစီမံရသေးသော ဆေးရွက်ကြီး

- တိရစ္ဆာန် အရှင်များ သို့မဟုတ် တိရစ္ဆာန် ထုတ်ကုန်ပစ္စည်းများ
    - အရေခွံ

    - ငှက်တောင်ငှက်မွေးများ

    - သားမွေးနှ

- အရိုးများ

- အခွံမာများ



- သန္ဘာကောင်

- ပျား ထုတ်ကုန်ပစ္စည်းများ

- သုံးပြီးသား တိရစ္ဆာန်ဆိုင်ရာ
  ကိရိယာတန်ဆာပလာများ

- အစားအစာ
  - နို့ထွက်ပစ္စည်းများ - နို့၊ နို့နှစ်၊ ထောပတ်၊ ဒိန်ခဲ



- ဥ သို့မဟုတ် ဥနှင့်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ

- လတ်လတ်ဆပ်ဆပ် သို့မဟုတ် ရေခဲခဲထားသော သစ်သီးသစ်နှံများ နှင့် ဟင်းသီးဟင်းရွက်များ



- အသား သို့မဟုတ် အသား ထုတ်ကုန်ပစ္စည်းများ



- ဖေါက်ခွဲပစ္စည်းများ
- မီးရှူးမီးပန်းများ

- လက်နက်များ
  - သေနတ်များ နှင့် ခဲယမ်းမီးကျောက်
  - ဓားရှည်များ
  - ဓားများ

- တရားမဝင် မူးယစ်ဆေးများ တို့ဖြစ်သည်။

အကယ်၍သင် ဤအရာများတစ်စုံတစ်ရာကို သြစတြေးလျားသို့ ယူဆောင်ခဲ့ပါက၊ သင်သည် လေဆိပ်အမှုထမ်းများအား ပြောပြရန် လိုအပ်သည်။

အကယ်၍သင်သည် မည်သူ့ကိုမျှ မပြောပြဘဲနေပြီး ထိုပစ္စည်းများကို ရှာတွေ့သွားခဲ့လျှင် သင့်အား

- ငွေ အလွန်များစွာ ဒဏ်တပ်ခံရနိုင်ဖွယ်ရှိမည်

- အဖမ်းခံရပြီး ပြစ်မှုကျူးလွန်ခြင်းကြောင့် စွဲချက်တင်ခံရနိုင်ဖွယ်ရှိမည်



- ထောင်ချခံရနိုင်ဖွယ်ရှိမည်



- ရာဇဝတ်ပြစ်မှု မှတ်တမ်း သွင်းခံရနိုင်မည်

လေယာဉ်နှင့် ခရီးသွားခြင်း

ဩစတြေးလျားသို့ သွားရမည့်ခရီးသည် ရှည်လျားသည်။

သင့်အနေနှင့် ခရီးရှည်ထွက်ရန် အသင့်ပြင်ထားဖို့ လိုအပ်သည်။

တစ်ခါတစ်ရံတွင် သွားရသောခရီးမှာ ရှည်လျားသော လေယာဉ်ခရီးစဉ်တစ်ခုတည်းသာဖြစ်သည်။

တစ်ခါတစ်ရံတွင်မူ ခရီးလမ်းအကြား၌ ရပ်တန့်ရပြီး၊ ထိုနေရာ၌ သင် လေယာဉ်မှ ဆင်းပေးရန် လိုအပ်သည်။

ခရီးမထွက်မီ



ခရီးသွားခြင်းသည် လူတိုင်းအား ပင်ပန်းစေနိုင်သည်။

ကလေးငယ်များအတွက် ပို၍ပင် ပင်ပန်းစေနိုင်သည်။

သင် ခရီးမထွက်မီ ကလေးများ၊



- အစားအစာ စားပြီးဖြစ်ကြောင်း
- အိမ်သာတက်ထားပြီးဖြစ်ကြောင်းတို့ကို သေချာပါစေ

ခရီးစဉ်တစ်လျှောက်လုံး သင်သည် လေယာဉ်ပေါ်၌ပင်
စားသောက်ရန် နှင့် အိမ်သာတက်ရန်
လိုအပ်လိမ့်မည်ဖြစ်သည်။

မွေးကင်းစကလေးများ သို့မဟုတ် ကလေးများသည်

- အနှီး
- ဝတ်စုံအပိုများကို လိုအပ်ပါလိမ့်မည်

လေယာဉ်ပေါ်၌

အကယ်၍ ထိုင်ခုံခါးပတ် ပတ်ထားရန် မလိုတော့သည့် အမှတ်အသားကို တွေ့ရပါက၊ လေယာဉ်အတွင်း၌ သင် သွားလာလှုပ်ရှားနိုင်သည်။



အကယ်၍ ခါးပတ် ပတ်ထားရန် လိုသည့် အမှတ်အသားကို တွေ့ရပါက၊ သင် လုပ်ရန်လိုအပ်သည်တို့မှာ၊

- သင့်ထိုင်ခုံတွင် ထိုင်နေပါ
- ထိုင်ခုံခါးပတ်ကို ပတ်ထားပါ



သင့်အား ပေးလိမ့်မည်မှာ၊

- အစားအစာနှင့်
- သောက်သုံးစရာများတို့ဖြစ်သည်

လေယာဉ်ပေါ်၌ အစားအစာများကို အခမဲ့ကျွေးသည်။

သင့်အား ပေးသော အစားအစာကို သင်မစားနိုင်လျှင်၊ သစ်သီးကို တောင်းနိုင်သည်။



စားကြွင်းစားကျန်များကို လေယာဉ်ပေါ်၌ သင် ထားရစ်ခဲ့ရန် လိုအပ်သည်၊ ၎င်းတို့ကို သင်နှင့်အတူ သြစတြေးလျားအတွင်းသို့ ယူဆောင်လာခွင့် မရှိပါ။

သင် လေယာဉ်ပေါ်၌ ဆေးလိပ်သောက်ခွင့်မရှိပါ။

လေယာဉ်အတွင်းရှိ လေထုဖိအားသည် သင့် နားကို ပိတ်ဆို့စေနိုင်သည်။



သင်၏ နားအတွင်း လေဖိအားကို လျော့နည်းစေနိုင်သည်မှာ၊

- မျိုချခြင်း၊
- ဝါးခြင်း
- သန်းခြင်း တို့အရဖြစ်သည်

သင့်ထံ၌ မွေးကင်းစကလေးရှိလျှင်၊ လေဖိအားကို ကူညီချုပ်ထိန်းပေးရန် အောက်ပါအခိုက်များတွင် နို့တိုက်ပါ၊

- လေယာဉ် မပျံတက်မီ
- လေယာဉ် ပျံတက်နေစဉ်
- လေယာဉ် ဆင်းသက်နေချိန် တို့ဖြစ်သည်

နို့တိုက်ခြင်းအားဖြင့် သူတို့အား မျိုချစေသည်

လေယာဉ် ရွေ့လျားပုံများက အချို့လူများအား မူးနောက်ပျို့အန်စေနိုင်သည်။

အကယ်၍သင်သည် မူးနောက်ပျို့အန်တော့မည်ဟု ထင်မှတ်လျှင်၊ သင် အသုံးပြုနိုင်ရာများမှာ၊

- သင့်ထိုင်ခုံရှေ့မှ အိတ်ထဲတွင်ရှိသော စက္ကူအိတ်

- လေယာဉ်ထဲ၌ရှိသော အိမ်သာ တို့ဖြစ်သည်

တစ်ထောက်နားခြင်း

သင် သြစတြေးလျားသို့ မရောက်မီ၊ သင့်လေယာဉ်သည် အခြားနိုင်ငံတစ်ခု၌ ခဏကြာအတွက် ရပ်နားနိုင်ဖွယ်ရှိမည်၊ သို့အားဖြင့် လေယာဉ်အား၊

- ဆေးကြောသန့်ရှင်းနိုင်ပြီး
- လောင်စာဆီ ထပ်ဖြည့်နိုင်မည်ဖြစ်သည်

ဂျင်းကို တစ်ထောက်နားခြင်းဟုခေါ်သည်။

သင့်အား လေယာဉ်ပေါ်မှ ဆင်းခိုင်းပါလိမ့်မည်။

အတူ သယ်ဆောင်ရသောအိတ်များကို သင်နှင့်အတူယူသွားပါ။



သင်သည် အခြားလေယာဉ်ပျံကို ပြောင်းစီးရန် လိုအပ်နိုင်ဖွယ်ရှိမည်။

သင်သည် လေဆိပ်၏ အခြားအပိုင်းအခြားတစ်ခုသို့ သွားရန် လိုအပ်နိုင်ဖွယ်ရှိမည်။

သင် တစ်ထောက်နားရာတွင် သင့်အား ကူညီရန်အတွက် အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း (International Organization for Migration - IOM) မှ တစ်စုံတစ်ဦးက သင့်ကို တွေ့ဆုံသင့်သည်။

တစ်ထောက်နားခိုက် သင်နှင့်အတူ IOM မှ တစ်စုံတစ်ဦး မရှိဘဲ လေဆိပ်မှ ထွက်ခွာမသွားပါနှင့်။

သင် ရှေ့ဆက် ပျံသန်းရမည့် လေယာဉ်အား မည်သည့်နေရာတွင် သွားရောက် စောင့်စားရမည့်ဂိတ်ကို ရှာဖွေပေးရန် လေဆိပ်ဝန်ထမ်းများကလည်း ကူညီပေးနိုင်သည်။



သင် ရှေ့ဆက်ပျံသန်းရမည့် လေယာဉ်ခရီးစဉ်ကို ရှေ့ဆက် လေယာဉ်ခရီးစဉ် ဟုခေါ်သည်။

ဩစတြေးလျားဌ ဆိုက်ရောက်လာခြင်း
နယ်စပ်ကို ဖြတ်သန်းခြင်း

သင် လေယာဉ်ပေါ်မှဆင်းပြီးနောက်
လူဝင်မှုစစ်ဆေးရေးဌာနကို ဖြတ်သန်းရပါလိမ့်မည်။

အရာရှိတစ်ဦးက

- သင့်ခရီးသွားလက်မှတ်များကို ကြည့်ပါလိမ့်မည်
- နိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုလိမ့်မည်

သင်က သူတို့အား သင်၏

- ImmiCard သို့မဟုတ် DFTTA



- အဝင် ခရီးသည် ကတ်ပြား

အကယ်၍ သင့်ထံ၌ နိုင်ငံကူးလက်မှတ် သို့မဟုတ် 'ဒုက္ခသည် ခရီးသွားလက်မှတ်' ('titre de voyage') ရှိလျှင်၊ ပေးရန် လိုအပ်လိမ့်မည်

အရာရှိက

- ၎င်းတို့ကို စစ်ဆေးလိမ့်မည်
- ၎င်းတို့ကို သင့်အား ပြန်ပေးလိမ့်မည်

သင့်အိတ်များကို ကောက်သိမ်းခြင်း

သင့်အား သြစတြေးလျားသို့ ဝင်ခွင့်ပြုပြီးနောက်၊ သင် လေယာဉ်၌ အပ်ခဲ့သော သင့်အိတ်များကို ပြန်ရွေးရန် လိုအပ်ပါလိမ့်မည်။

အိတ်များအား ရွေးယူရာ ဆုံလည်၌ သင့်အိတ်များကို တွေ့ရပါလိမ့်မည်။

အိတ်များအား ရွေးယူရာ ဆုံလည်၏ အထက်၌ သင်ပျံသန်းခဲ့သည့် လေကြောင်းခရီးစဉ်နံပါတ်ကို ဖော်ပြထားပါလိမ့်မည်။

သင့် ခရီးဆောင်အိတ်များအား သင်ရှာမတွေ့ပါက၊
လေဆိပ်၌ အလုပ်လုပ်သူတစ်ဦးဦးအား မေးမြန်းပါ။

သင့် အိတ်များကို ပထမဦးဆုံး အပ်ခဲ့စဉ်က
သင့်အားပေးခဲ့သော ပြေစာ သို့မဟုတ် လက်မှတ်ကို
သိမ်းဆည်းထားရန် အရေးကြီးသည်။

အကယ်၍သင့် ခရီးဆောင်အိတ်များ
ပျောက်ဆုံးသွားပါက ၎င်းတို့ကို
ပြန်လည်ရှာတွေ့ရန်အတွက် ယင်း ပြေစာ သို့မဟုတ်
လက်မှတ်ကို အသုံးပြုနိုင်သည်။

ရောဂါကူးစက်ပြန့်ပွားမှု တားဆီးရေးဌာနကို ဖြတ်သန်းရခြင်း

သင့် အိတ်များအား ကောက်ယူပြီးနောက်၊ သင်သည်
အိတ်များကို စစ်ဆေးရေးဂိတ်မှ ဖြတ်သန်းယူသွားရန်
လိုအပ်သည်။



သင် မည်သည့်နေရာများသို့ သွားရမည်ကို
ညွှန်ပြထားလိမ့်မည့် အမှတ်အသားများ ရှိသည်။


Incoming passenger card • Australia

PLEASE COMPLETE IN ENGLISH WITH A BLUE OR BLACK PEN

SAMPLE

အရာရှိတစ်ဦးက သင်၏ အဝင်ခရီးသည်
ကတ်ပြားကို ယူ၍ သိမ်းထားလိုက်ပါလိမ့်မည်။

သင် ရောက်ရှိလာသောအခါ၌ သင်၏
ခရီးဆောင်အိတ်များအား အနံ့ခံ ခွေးများက
စစ်ဆေးနိုင်ဖွယ်ရှိမည်။

သင်၏ အိတ်များကိုလည်း ရှာဖွေနိုင်ဖွယ်ရှိမည်။

ၚင်း၏အကြောင်းရင်းမှာ သြစတြေးလျားအတွင်းသို့
မယူလာနိုင်သောပစ္စည်း တစ်စုံတစ်ရာအား
သင် ထုပ်ပိုးယူလာခြင်း ရှိ၊မရှိကို
အရာရှိများက သေချာအောင်လုပ်ရန်
လိုအပ်သည့်အတွက်ဖြစ်သည်။



သြစတြေးလျားကို ဒုက္ခပေးနိုင်သော မည်သည့်
ကူးစက်ရောဂါဖြစ်နိုင်စေရာ ပစ္စည်းများ
သို့မဟုတ် ရောဂါများကိုမဆို ပိတ်ပင်တားဆီးရန်
အရေးကြီးသည်။

အရာရှိများက သင့်အား မေးမြန်းချက်တစ်စုံတစ်ရာကို သင့်အနေနှင့် ရိုးသားစွာ ဖြေကြားရန် လိုအပ်သည်။

အကယ်၍ သင့်အနေနှင့် ဘာသာစကားပိုင်းအရ အကူအညီလိုအပ်ပါက၊ စကားပြန်တစ်ဦးအား တောင်းခံနိုင်သည်။

ဩစတြေးလျားသို့ ခရီးသွားခြင်းနှင့် ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို သင်သည် ဤဝက်ဘ်ဆိုက်များ၌ ရှာဖွေတွေ့နိုင်သည်။
www.border.gov.au/Trav/Ente
www.agriculture.gov.au/travelling

ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

သြစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM